**SEA RISK QUESTIONS – COMMUNITY**

**လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုအန္တရာယ်ဆိုင်ရာမေးခွန်းများ - ရပ်ရွာလူထု/ရပ်ရွာအသိုင်းအဝိုင်း**

Naw Thu NRC - SE PSEA Network

**သင်တန်းနည်းပြများအတွက်လမ်းညွှန်**

ဤမေးခွန်းများသည်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာသို့မဟုတ်ဖွံ့ဖြိုးရေးလုပ်သားများမှ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူ ပြုလုပ် ခဲ့ခြင်းရှိ/မရှိကို ရပ်ရွာလူထုထံမှတုံ့ပြန်မှုများရယူရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပါသည်။ အုပ်စုတစ်စုထဲတွင် ဆွေးနွေးရာ၌ ထိခိုက်လွယ်မှုနှင့် လျှို့ဝှက်မှုဆိုင်ရာပြဿနာ/ကိစ္စရပ်များကြောင့် ဆွေးနွေးစဉ်တွေ့ရှိလာသော အဖြစ်အပျက်များရှိပါက သင်တန်းနည်းပြများအနေဖြင့် ထဲထဲဝင်ဝင် စုံစမ်းမေးမြန်းခြင်းမပြုရန် အကြံပြုပါသည်။ မေးခွန်းများသည် ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံနိုင်ရန်ရည်ရွယ်ထားပြီး လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာ ပြုမူကို အထူးရည်ညွှန်းထားခြင်းမဟုတ်ပဲ ကူညီခြင်းအတွက် ပြန်လည်မျက်နှာသာပေးရသည့်/ အကြိုက်ဆောင် ရသည့်ကိစ္စကိုသာရည်ရွယ်ပါသည်။ လိမ်လည်မှု၊ အကျင့်ပျက်ခြစားမှုများနှင့် ပတ်သက်သည့် သတင်းအချက် အလက်ရရှိရန် အရေးကြီးသည်မှာမှန်သော်လည်း ငွေကြေးပေးဆောင်မှုအစား ငွေကြေးမဟုတ်သော မျက်နှာသာ ပေးရမှုများ/ အကြိုက်ဆောင်လုပ်ပေးရခြင်းများကို အလေးထားသင့်ပါသည်။ ၎င်းတွင် ရပ်ရွာထဲမှ အမျိုးသမီးတစ်ဦး အား အထောက်အကူဝန်ထမ်းနှင့် အချိန်ဖြုန်းရန်တောင်းဆိုခြင်း (သို့မဟုတ်) အကူအညီနှင့်လဲလှယ်ပြီး အိမ်အလုပ်များကို ဆောင်ရွက်ပေးရန် တောင်းဆိုခြင်း စသည်တို့ပါဝင်သည်။

ကျွန်တော်/ကျွန်မ၏ အမည်မှာ ........................ ဖြစ်ပြီး ကျွန်ုပ်သည် ................... အဖွဲ့အစည်းမှ ဖြစ်ပါသည်။ စခန်း/ရပ်ရွာအသိုင်းအဝိုင်းတွင်ဆောင်ရွက်ပေးနေသည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာသို့မဟုတ်ဖွံ့ဖြိုး ရေးလုပ်သားများနှင့်ပတ်သက်၍ ကျွန်တော်/ကျွန်မမေးခွန်းအနည်းငယ်မေးလိုပါသည်။ သင်၏အဖြေများက သတင်းအချက်အလက်များကို မည်သို့ပေးအပ်သင့် ကြောင်းနှင့် ကူညီထောက်ပံ့မှုနှင့် ဝန်ဆောင်မှုများသည် အခမဲ့ဖြစ်ကြောင်းသေချာစေရန် ကျွန်တော်/ကျွန်မတို့ရှေ့ဆက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို လမ်းညွှန်ပေးနိုင်ရန် အကူအညီဖြစ်ပါလိမ့်မည်။ ကျွန်တော်/ကျွန်မတို့သည် ဤအချက်အလက် များကို ကျွန်တော်/ကျွန်မတို့၏လုပ်ဖော်ကိုင်ဖက်များနှင့် မျှဝေမည်ဖြစ်သော်လည်း သင်တို့၏အမည်များနှင့် တည်နေရာများကို ဖော်ပြမည် မဟုတ်ပါ။ သင်သည် မေးခွန်းများကို နားမလည်ပါက (သို့မဟုတ်) သင်မေးခွန်းများမေးရန်ရှိပါက အချိန်မရွေးမေးမြန်းနိုင်ပါသည်။ အဆင်ပြေသည်ဆိုပါက ရှေ့ဆက်လိုပါသည်။

၁။ သင်ရရှိသည့် အရေးအကြီးဆုံးသော အကူအညီနှင့် ဝန်ဆောင်မှုတွေက ဘာတွေလဲ။ (ဥပမာ- ဒီအထောက်အပံ့၊ အကူအညီ/ဝန်ဆောင်မှုမရှိရင် သင်ရပ်တည်နိုင်မည်မဟုတ်။)

၂။ ဤအကူအညီ/ ဝန်ဆောင်မှုများကို သင်ဘယ်လို ရရှိပါသလဲ။ (ဥပမာ- လက်ကိုင်ဖုန်းမှတစ်ဆင့်၊ လူကိုယ်တိုင်၊ လှူဒါန်းခြင်း၊ ညတွင် သို့မဟုတ် နံနက်စောစောတန်းစီခြင်း စသည်ဖြင့် )

၃။ သင် မည်သူထံမှ/မည်သည့်အဖွဲ့အစည်းထံမှ အကူအညီ /ဝန်ဆောင်မှုများရပါသလဲ။ (NGO များ၊ INGO များ၊ ကုလသမဂ္ဂနှင့် မိသားစုအထောက်အပံ့များ အပါအဝင်)

၄။ သင်အနေဖြင့် ဝန်ဆောင်မှု/အကူအညီ ပိုရလိုလျှင် (သို့မဟုတ်) အသစ်ရလိုလျှင် မည်သူ့ထံချဉ်းကပ်မည်နည်း။ (သင် သို့မဟုတ် သင့်မိသားစု လိုအပ်သည့် အကူအညီများကို ပိုမိုရရှိဖို့ သင်မျက်နှာသာရအောင်လုပ်ဖို့ လိုအပ်ပါသလား)

(သင် တစ်ယောက်ယောက်ကို စကားပြောဖို့ လိုအပ်ပါသလား (သို့မဟုတ်) တစ်ဦးဦးထံမှ ခွင့်ပြုချက်ရရန် လိုအပ်ပါသလား)

၅။ သင့်အနေဖြင့် မည်သည့် ဝန်ဆောင်မှု/အကူအညီပေးသူများကို အများဆုံးဆက်သွယ်ရပါသလဲ။

- အခကြေးငွေယူအလုပ်လုပ်သောလုပ်သားများ/ စခန်းတာဝန်ခံများ
- သင့်အား လက်ခံထားသည့်အဖွဲ့အစည်းမှ ဝန်ထမ်းများ/ ခေါင်းဆောင်များ
- အစိုးရ/အုပ်ချုပ်ရေးပိုင်းမှဝန်ထမ်းများ
- အကူအညီပေးနေသော အဖွဲ့အစည်းများမှ ဒေသခံဝန်ထမ်းများ
- အကူအညီပေးနေသောအဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများ

၆။ သင်၏ရပ်ရွာအတွင်းရှိ တစ်ဦးဦးသည် အကူအညီများ/ ဝန်ဆောင်မှုများအတွက်တစ်စုံတစ်ရာပိုလိုချင်သောကြောင့် အလဲအလှယ်အဖြစ် ပစ္စည်း (သို့မဟုတ်) အခြားတစ်မျိုးမျိုးအကြိုက်ဆောင်လုပ်ပေးရခြင်းများရှိသည်ဟု သင်ကြားဖူးပါသလား။ (အခမဲ့ထောက်ပံ့ပေးရန်ဖြစ်သော် လည်း) (ဥပမာ - သင့်အနေဖြင့် ဝန်ထမ်းများနှင့်အတူ အပြင်ထွက်ခြင်း (သို့မဟုတ်) သူတို့အနားတွင် ထိုင်ပေးရခြင်း အပါအဝင်)

က။ အကယ်၍ ရှိခဲ့လျင် ဘာဖြစ်ခဲ့သည်ကို အနည်းငယ်ရှင်းပြပေးပါ။

ခ။ ထိုကိစ္စမျိုးတွင် (အကြိုက်ဆောင်လုပ်ပေးရသောသူ)ထိခိုက်နစ်နာသူတွေက ဘယ်လိုတုံ့ပြန်ခဲ့ပါသလဲ။

ဂ။ အကူအညီပေးတာကို အလဲအလှယ်အနေနဲ့ ပစ္စည်းတွေပေးဖို့ (သို့မဟုတ်) မျက်နှာသာပေးဖို့/ သူ့အကြိုက်လိုက်ဖို့ အုပ်စုလိုက်ဖြစ်စေ (သို့မဟုတ်) တစ်ဦးချင်းဖြစ်စေ ပုံမှန်တောင်းဆိုခံရတဲ့သူမျိုး ရှိပါသလား။ ရှိခဲ့ရင် ဘယ်လို အုပ်စုမျိုးဘယ်လိုလူမျိုးက တောင်းဆိုပါသလဲ

၇။ အကူအညီ (သို့မဟုတ်) ဝန်ဆောင်မှုပေးရန်တာဝန်ရှိသူသည် သင်တို့ရပ်ရွာသားတစ်ဦးဦးထံမှ ပစ္စည်းများ (သို့) မျက်နှာသာပေးရန်အတွက်တစ်ခုခုကို တောင်းခံနေသည်ဆိုပါစို့။ (အဆိုပါပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် အကောင်းဆုံးနည်းလမ်းတွေက ဘာတွေလဲ)။ ဘယ်သူ့ကိုအကူအညီတောင်းခံမလဲ၊ သင့်စိုးရိမ်မှုကို ဘယ်သူ့ကိုပြောမလဲ။

က။ အကယ်၍အကူအညီမတောင်းဘူးဆိုရင် ဘာကြောင့်လဲ။ (ဖြေဆိုသူက ပြောပြမထားသည့်အခြားယန္တရားများ/ စနစ်များ)

၈။ အကူအညီပေးရေး ဝန်ထမ်းများသည် ရပ်ရွာလူထုနှင့် အချိန်ကြာမြင့်စွာအတူရှိနေသော အခြေအနေ မျိုးရှိပါသလား (ဥပမာ- အမျိုးသမီးများထင်းရှာဖွေရာတွင် အတူလိုက်ပါခြင်း၊ သို့မဟုတ် စခန်းနယ်နိမိတ်ပြင်ပတွင် ဆောင်ရွက်သည့်အခြားလုပ်ငန်းများ) (မိဘမဲ့များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများကဲ့သို့ အလွန်အမင်း ထိခိုက်လွယ်သော အုပ်စု)